Ta'ang Students and Youth Union

# ပူးတွဲသဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ။ ။ ၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

၁။ ၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂ မှ ၃ ရက်နေ့တွင် မိုးကုတ်မြို့နယ်နှင့် မိုးမိတ်မြို့နယ်အစပ်ကြားတွင် တအာင်းတပ်မတော် (TNLA)မှ ဘိန်းခြံလိုက်လံဖျက်ဆီးနေစဉ် မြန်မာ့တပ်မတော်နှင့် ၂ ရက်တိုင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားကာ ကျောင်းသား ၂ ဦး၊ ရွာသူ/သား ၃ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိသည့်အပြင် တအာင်းကျေးရွာ(၅)ရွာအပါအဝင် လီရော့ရွာနှင့် တရုတ်ရွာများ စုစုပေါင်းလူဦးရေ ၂၀၀၀ ကျော် မိုးကုတ်မြို့နှင့် မိုကုတ်မြို့အနီးရှိတောတောင်သို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

၂။ ပြည်သူလူထုမှ ရွာလုံးကျွတ်ထွက်ပြေတိမ်းရှောင်နေရခြင်းကြောင့် ကျောင်းများပိတ်ထားရသည်။ ယခုချိန် သည် အတန်းတင်စာမေးပွဲ ဖြေဆိုရန် ရက်ပိုင်းသာကျန်သည့်အခြေအနေတွင် ကလေးများ ပညာရေးကို ထိခိုက်သည့်အပြင် အထူးသဖြင့် ဒဏ်ရာရကျောင်းသားနှစ်ဦး အတွက်လည်း အလွန်ကိုထိခိုက်နစ်နာပြီး အရပ်သားများကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေမှုများမှ ချက်ချင်းရပ်တန့်ရန်နှင့် နစ်နာသည့်ကျောင်းသား (၂) ဦးအတွက် မြန်မာအစိုးရမှတာဝန်ယူလုပ်ဆောင်ဖြေရှင်းပေးရမည်။

၃။ မြန်မာ့တပ်မတော်ဘက်မှ မိုးကုတ်အခြေစိုက်တပ်၊ မိုးမိတ်အခြေစိုက်တပ်၊ မန္တလေးတောင်ခြေအခြေစိုက်တပ် စုစုပေါင်းအင်အား ၁၀၀၀ ကျော်အပြင် စစ်တိုက်ခိုက်ရေး စစ်ရဟတ်ယာဉ် ၂စီးနှင့်ဂျက်လေယာဉ်၁ စီးဖြင့် ဝင်ရောက်တိုက်ခိုက်ကာ နှစ်ဖက်စလုံး ထိခိုက်ကျဆုံးမှု အများအပြားရှိနေပါသည်။

၄။ ပြည်တွင်းစစ်အတွင်းတွင် စစ်ရဟတ်ယာဉ်အသုံးပြုနေခြင်း၊ လက်နက်ကြီးအသုံးပြုခြင်း၊ စစ်တပ်အင်အားနှင့် လက်နက်အင်အား အလွန်အကျွံ သုံးစွဲခြင်းသည် ပြည်သူလူထုကို အလွယ်တကူ ထိခိုက်သေဆုံးစေသည့် အပြင် အပြည်ပြည်ဆိုင်ရာ ဂျီနီဗာစာချုပ်ကို လိုက်နာရန် ပျက်ကွက်နေသောကြောင့် ပြင်းထန်စွာ ကန့်ကွက်ပါသည်။

၅။ သမ္မတဦးသိန်းစိန်မှ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ် ရပ်စဲရေးလက်မှတ်ရေးထိုးရန် ကြွေးကြော်နေချိန်တွင် ယခုလို ထိုးစစ်ဆင်တိုက်ခိုက်နေခြင်း၊ စစ်ရဟတ်ယာဉ်ဖြင့် ပုံးကျဲတိုက်ခိုက်နေခြင်းသည် အပစ်အခတ်ရပ်စဲလက်မှတ်ရေးထိုးရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို များစွာ ထိခိုက်စေသည့်အတွက် တအာင်းအမျိုးသမီးအဖွဲ့အစည်းနှင့် တအာင်းကျောင်းသား နှင့် လူငယ်များအဖွဲ့မှလုံး၀(လုံး၀) ကန့်ကွက်ရှုတ်ချပါသည်။

**၆။ တောင်းဆိုချက်များ**

- အင်းအားအလုံးအရင်းဖြင့် ဖိအားပေးထိုးစစ်ဆင်ခြင်းမှ ခြွင်းချက်မရှိချက်ချင်းရပ်တန့်ပေးရန်။
- ပြည်တွင်းစစ်တွင် ပြည်ထောင်စုသားအချင်းချင်းအပေါ် တိုက်ခိုက်ရေးသုံးစစ်ရဟတ်ယာဉ်နှင့် ဂျက်လေယာဉ်များအသုံးပြုပြီး ဗုံးကျဲတိုက်ခိုက်မှု ရောကတ်ဒုံးကျည်များပစ်လွှတ်မှုများကို ချက်ချင်းရပ်တန့်ပေးရန်။
- အစိုးရအနေဖြင့်မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့်ပြဿနာကိစ္စရပ်အားလုံးကို အမျိုးသားရေးတာဝန်ကြီး တစ်ရပ်အဖြစ် လူထုနှင့်ပူးပေါင်းဆောင်ရွက်သွားရန်။
- အရပ်သားပြည်သူများထိခိုက်မှု၊ စစ်ဘေးရှောင်၊ ပညာရေးထိခိုက်မှု တာဝန်ကိစ္စရပ်အားလုံးကို အစိုးရမှ အဓိက တာဝန်ယူဖြေရှင်းပေးရန်။

**အလုပ်အမှုဆောင်ကော်မတီ**

**တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့နှင့်တအာင်းအမျိုးသမီးအဖွဲ့အစည်း**


**ဆက်သွယ်ရန်**

၁။ ဒီဒီပို့ကျိန်း (တအာင်းအမျိုးသမီးအဖွဲ့အစည်း - TWO) ၀၉-၆၇၁၈၂၁၈
၂။ လွေးပို့ကျိန်းကီ (တအာင်းအမျိုးသမီးအဖွဲ့အစည်း - TWO) ၀၉-၂၅၂၃၂၅၇၉၉
၃။ မိုင်းမျိုးအောင် (တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ - TSYU) ၀၉-၉၁၀၅၁၆၉၅
၄။ မိုင်းသိန်းဇော် (တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ - TSYU) ၀၉-၄၇၂၁၄၇၁၇